☆ ○ ☆ ○ ☆ ○ ☆

# ပိုမိုလွယ်ကူပြီး အဆင်ပြေချောမွေ့တဲ့ဘဝကို ခံစားနိုင်ဖို့ My Numberကတ် ကို အခုပဲ လျှောက်ထားကြစို့!


☆ ○ ☆ ○ ☆ ○ ☆

## မိုင်နမ်ဘာကဒ်ဆိုသည်မှာ

**ပထမအကြိမ်ထုတ်ပေးခြင်းအတွက် အခမဲ့!!**

သင့်မျက်နှာ၏ဓာတ်ပုံပါရှိသော မိုင်နမ်ဘာထည့်သွင်းဖော်ပြထားသည့်ကဒ်ဖြစ်ပြီး ကာယကံရှင်ဖြစ်ကြောင်း သက်သေခံအထောက်အထားစာရွက်စာတမ်းအဖြစ် အသုံးပြုနိုင်ပါသည်။ IC Chip ပါရှိသည့် အီလက်ထရွန်နစ်သက်သေခံလက်မှတ်ကိုအသုံးပြု၍ အွန်လိုင်းမှတဆင့် နေထိုင်ခွင့်လျှောက်ထားခြင်းများနှင့် အခွန်ပြန်အမ်းရန်လျှောက်ထားခြင်း(e-Tax)စသည့် ဝန်ဆောင်မှုအမျိုးမျိုးအတွက်ကိုပါ အသုံးပြုနိုင်ပါသည်။

**မျက်နှာစာဘက်**




**ကျောဘက်**




**လူဝင်မှုကြီးကြပ်ရေးရုံး၏ ဝက်ဘ်ဆိုက်တွင်လည်း ဘာသာစကား ၁၆မျိုးဖြင့် လမ်းညွှန်ထားပါသည်!**

ကြည့်ကြနော်

## မေးမြန်းစုံစမ်းရန် !

### ဂျပန်ဘာသာစကားဖြင့်

မိုင်နမ်ဘာဆိုင်ရာအထွေထွေစုံစမ်းရန်အခမဲ့နံပါတ်

**TEL:0120-95-0178**

※ ဖုန်းဖြင့်ဆက်သွယ်နိုင်သောအချိန်မှာ နေ့ရက်ပေါ်မူတည်၍ ကွာခြားပါသည်။
တနင်္လာနေ့မှ သောကြာနေ့အထိ မနက်၉နာရီခွဲမှ ည၈နာရီအထိ
စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များတွင် မနက် ၉နာရီခွဲမှ ညနေ၅နာရီခွဲအထိ
(မိုင်နမ်ဘာကဒ်၊ မိုင်နမ်ဘာပွိုင့်နှင့် သက်ဆိုင်သည့်ကိစ္စများကိုမူ မနက်၉နာရီခွဲမှ ည၈နာရီအထိ)

### နိုင်ငံခြားဘာသာစကားဖြင့်

**မိုင်နမ်ဘာကဒ်ဆိုင်ရာကိစ္စ**

**TEL:0120-0178-27**

ဆက်သွယ်၍မရပါက 0570-064-738

※ ဖုန်းဆက်၍ရသည့်အချိန်မှာ ဘာသာစကားပေါ်မူတည်၍ကွာခြားသည်။

- English(အင်္ဂလိပ်ဘာသာ၊) 中文(တရုတ်ဘာသာ၊) 한국어(ကိုရီးယားဘာသာ၊) Español(စပိန်ဘာသာ၊) Português(ပေါ်တူဂီဘာသာ)
  ➡ **မနက်၉နာရီခွဲမှ ည၈နာရီအထိ**
- ภาษาไทย(ထိုင်းဘာသာ၊) नेपाली भाषा(နီပေါဘာသာ၊) Bahasa Indonesia(အင်ဒိုနီးရှားဘာသာ)
  ➡ **မနက်၉နာရီခွဲမှ ညနေ၆နာရီအထိ**
- Tiếng Việt(ဗီယက်နမ်ဘာသာ၊) Pilipino(ဖိလစ်ပိုင်ဘာသာ)
  ➡ မနက်၉နာရီခွဲမှ ညနေ၆နာရီအထိ

**မိုင်နမ်ဘာကဒ်ဆိုင်ရာကိစ္စ**

**TEL:0570-028-125**

**မိုင်နမ်ဘာကဒ်လျှောက်ထားပုံနည်းလမ်းနှင့်စပ်လျဉ်း၍ပါက ဤနေရာသို့ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။**

※ ဖုန်းဖြင့်ဆက်သွယ်နိုင်သည့်အချိန်
English(အင်္ဂလိပ်ဘာသာ၊) 中文(တရုတ်ဘာသာ၊) 한국어(ကိုရီးယားဘာသာ၊) Español(စပိန်ဘာသာ၊) Português(ပေါ်တူဂီဘာသာ)
➡ **မနက်၉နာရီခွဲမှ ည၈နာရီအထိ**

# ကဒ်လျှောက်ထားပုံနှင့် မိုင်နမ်ဘာပွိုင့်ရယူပုံ

## အဆင့် ၁　လျှောက်လွှာတွင်ဖြည့်သွင်းပါ။

**★ လျှောက်ထားရန်အတွက်သုံးသည့် လျှောက်လွှာနှင့် ပေးပို့ရန်လိပ်စာစာရွက်ကို လူဝင်မှုကြီးကြပ်ရေးရုံးတွင်လည်း ရယူနိုင်သည် !**

・လျှောက်လွှာတွင် လိုအပ်သည့်အချက်များအား ဖြည့်စွက်ပါ။

・၆လအတွင်း ရိုက်ကူးထားသည့် မျက်နှာပါဓာတ်ပုံအားကပ်ပါ။


個人番号通知書
個人番号 0123 4567 8901
氏名
生年月日 令和 2年 6月 1日

**"တစ်ဦးချင်းကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ"တွင် သင်၏ မိုင်နမ်ဘာအား ရေးသားဖော်ပြထားသည် !**

ဘယ်ဘက်ရှိ ▭ ၏နံပါတ်သည် သင်၏ မိုင်နမ်ဘာဖြစ်သည်။ "တစ်ဦးချင်းကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ" အား နေထိုင်သူအဖြစ် စာရင်းသွင်းပြီး ရက်သတ္တပတ်၂ပတ်မှ ၃ပတ်အကြားတွင် သင်၏အိမ်သို့ ရိုးရိုးမှတ်ပုံတင်စာဖြင့် ပေးပို့ပါမည်။

**နေထိုင်သူအဖြစ်စာရင်းမသွင်းရသေးသူသည် နေထိုင်ရာရပ်ကွက်မြို့နယ်ကျေးရွာရုံးတွင် နေထိုင်သူစာရင်းသွင်းရန် လိုအပ်ပါသည်။ အဆိုပါအချိန်တွင် ကဒ်လျှောက်ထားခြင်းပြုလုပ်ပါ။**


ကဒ်လျှောက်ထားခြင်းအား ကွန်ပျူတာနှင့် စမတ်ဖုန်း၊ ဓာတ်ပုံရိုက်သည့်စက်တို့တွင်လည်း ပြုလုပ်နိုင်သည်။ (ဂျပန်ဘာသာဖြင့်သာ)

### မျက်နှာပါဓာတ်ပုံရိုက်ပုံရိုက်နည်း





・အရွယ်အစား ဒေါင်လိုက် 4.5cm x အလျားလိုက် 3.5cm
・ရှေ့တည့်တည့်လှည့်၊ ဦးထုပ်မပါ၊ နောက်ခံမပါ၊ အဖြူအမည်း OK



・နောက်ခံပါသည့်ပုံ
・မျက်နှာကို သေချာစွာမမြင်ရသည့်ပုံ
・ဦးထုပ်နှင့် နေကာမျက်မှန်တပ်ထားသည့်ပုံ တို့အား အသုံးပြု၍မရပါ။

**လူဝင်မှုကြီးကြပ်ရေးရုံး၏ ဝက်ဘ်ဆိုက်တွင်လည်း ဘာသာစကား ၁၆မျိုးဖြင့် လမ်းညွှန်ထားပါသည်!**




## အဆင့် ၂ ကဒ်ကိုလျှောက်ထားပါ၊ လက်ခံရယူပါ။

### မိမိ၏ မိုင်နမ်ဘာကို သိရှိပါက

၁။ လျှောက်လွှာတွင် အချက်အားလုံးဖြည့်စွက်ပြီးပါက ပေးပို့ရန်လိပ်စာစာရွက်ကို ကပ်ထားသည့် စာအိတ်အတွင်းသို့ ထည့်ပါ။

၂။ စာတိုက်ပုံးအတွင်းထည့်ရပါမည်။



**ခန့်မှန်း၁လခန့်အကြာတွင် ・・**

၃။ ပို့စကဒ်ရောက်လာပါမည်။


၄။ ပို့စကဒ်တွင် ရေးထားသော လက်ခံရမည့်နေရာသို့ သွားရောက်ပါ။

၅။ ကောင်တာတွင် လျှို့ဝှက်နံပါတ်ကို ထည့်ပါက လက်ခံရယူပါမည်။

### မိမိ၏ မိုင်နမ်ဘာနှင့် ဖြည့်စွက်ပုံကို မသိရှိပါက

၁။ နေထိုင်ရာရပ်ကွက်မြို့နယ်ကျေးရွာရုံးသို့သွားရောက်ရမည်။

၂။ ကောင်တာတွင် လျှောက်လွှာဖြည့်၍ တင်ပြရမည်။



**ခန့်မှန်း၁လခန့်အကြာတွင် ・・**

၃။ မိုင်နမ်ဘာကဒ်က အိမ်သို့ရောက်လာမည်။

※ ရပ်ကွက်မြို့နယ်ကျေးရွာပေါ်မူတည်၍ ဘယ်ဘက်ရှိ ၃မှ၅အထိ နည်းလမ်းဖြင့် လက်ခံရယူရသည့်နေရာမျိုးလည်းရှိသည်။

## အဆင့် ၃ မိုင်နမ်ဘာပွိုင့်ကိုလျှောက်ထားပါ။

မိုင်နမ်ဘာပွိုင့်အား ရွေးချယ်ထားသော ပေးချေဝန်ဆောင်မှု၏ ပွိုင့်အနေဖြင့် ပေးမည်ဖြစ်ပါသည်။ နှစ်သက်ရာပေးချေဝန်ဆောင်မှု တစ်ခုကိုရွေးချယ်ပါ။
စမတ်ဖုန်း၊ ကွန်ပျူတာ၊ မိုင်နာပွိုင့်လုပ်ဆောင်ရေးနေရာတို့တွင် လျှောက်ထားနိုင်သည် !

အသေးစိတ်အား・・・

**TEL：0120-95-0178**(ဂျပန်ဘာသာ)

**TEL：0570-028-125**(နိုင်ငံခြားဘာသာ)

သို့ ဆွေးနွေးနိုင်ပါသည် !

ဤအမှတ်အသားကို ရှာပါ !

※ ဖုန်းဖြင့်ဆက်သွယ်နိုင်သည့်အချိန်မှ မနက်၉နာရီခွဲမှ ည၈နာရီအထိဖြစ်သည်။
※ အသုံးပြုနိုင်သည့် နိုင်ငံခြားဘာသာစကားမှာ ၅မျိုးဖြစ်သည်။
အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ၊ စပိန်ဘာသာ၊ ပေါ်တူဂီဘာသာ